SPECIAL PROCEDURES
UNITED NATIONS
HUMAN RIGHTS COUNCIL

ဖွံ့ဖြိုးတိုးတက်ခွင့်ကို နားလည်ဖော်ထုတ်ခြင်း

၁။ လူ့အခွင့်အရေး
၂။ အမြင်အမျိုးမျိုး
၃။ အဓိကအစိတ်အပိုင်းများ
၄။ ရှုထောင့်အမျိုးမျိုး
၅။ အခြေခံမူများ



၁။ လူ့အခွင့်အရေး

ဖွံ့ဖြိုးတိုးတက်ခွင့်သည် အခြားသော ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကဲ့သို့ လူ့အခွင့်အရေးတရပ် ဖြစ်သည်။ ဤအခွင့်အရေးကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ (အပိုဒ် ၅၅) နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၏ (အပိုဒ် ၂၂ နှင့် ၂၈) တို့တွင် ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။


၁၉၈၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းသည် ဖွံ့ဖြိုးတိုးတက်ခွင့်၏ အရေးကြီးသော အချက်အလက်များနှင့် အဓိကအင်္ဂါရပ်များကို ရှင်းလင်း ဖော်ပြထားသည်။ ထို့ပြင် ဤအခွင့်အရေးကို ဒေသဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း အသိအမှတ်ပြုထားသည်။

လက်ရှိတွင် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ခွင့်ကို နိုင်ငံတကာအဆင့်တွင် ဥပဒေကြောင်းအရ ချုပ်နှောင်မှုရှိသော စာချုပ်တရပ်ဖြစ်လာရန် ဆွေးနွေးညှိနှိုင်းနေကြသည်။

သက်ဆိုင်ရာ တာဝန်ဝတ္တရားများ

ဖွံ့ဖြိုးတိုးတက်ခွင့်ကို အကောင်အထည်ဖော်နိုင်ရန် ပါဝင်ဆောင်ရွက်သူ အများအပြားတွင် တာဝန်နှင့် ဝတ္တရားများ ကွဲပြားနိုင်သော်လည်း အပြန်အလှန် ဖြည့်စွက်ပံ့ပိုးနိုင်သည်။

ဖွံ့ဖြိုးတိုးတက်ခွင့်



နိုင်ငံများ

- အစိုးရများ
- ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အေဂျင်စီများ
- နိုင်ငံတော်အဆင့် လူ့အခွင့်အရေး အများ



နိုင်ငံတကာအဖွဲ့အစည်းများ

- ကုလသမဂ္ဂ အေဂျင်စီများ
- နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ
- ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဘဏ်များ



အစိုးရမဟုတ်သည့် အရေးပါသူများ

- စီးပွားရေးလုပ်ငန်းများ
- အရပ်ဘက်အဖွဲ့အစည်းများ
- တက္ကသိုလ်များ

၂။ အမြင်အမျိုးမျိုး

ဖွံ့ဖြိုးတိုးတက်ခွင့်ကို လူတဦးချင်း၏ အခွင့်အရေးအနေဖြင့်လည်းကောင်း အုပ်စုလိုက် အခွင့်အရေးအနေဖြင့်လည်းကောင်း အမြင်နှစ်မျိုးဖြင့် ရှုမြင်နိုင်သည်။ အကြောင်းမှာ လူတဦးချင်းစီနှင့် လူသားအားလုံးသည် ဤအခွင့်အရေးကို ပိုင်ဆိုင်ကြသောကြောင့် ဖြစ်ပါသည်။

လူ့အခွင့်အရေးဟုဆိုလျှင် တဦးချင်းနှင့် သက်ဆိုင်သည်များလည်း ရှိသလို အုပ်စုလိုက်နှင့် သက်ဆိုင်သည့် အခွင့်အရေးများလည်း ရှိကြသည်။ ဥပမာ — အတွေးအမြင်၊ ယုံကြည်ချက်နှင့် ဘာသာရေးလွတ်လပ်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ မိမိယဉ်ကျေးမှုကို ခံစားကျင့်သုံးနိုင်ခွင့်နှင့် မိမိဘာသာစကားကို အသုံးပြုနိုင်ခွင့်၊ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့် နှင့် သန့်ရှင်းပြီး ကျန်းမာ၍ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ခွင့် တို့ဖြစ်ကြသည်။

၃။ အဓိက အစိတ်အပိုင်းများ

လူသားတဦးချင်းစီနှင့် လူသားအားလုံးသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အောက်ပါ အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိကြသည်။

ပူးပေါင်းပါဝင်ခွင့် **ပံ့ပိုးကူညီနိုင်ခွင့်** **အကျိုးခံစားခွင့်**

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ၊ စီမံကိန်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချရသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခြင်းသည် "တက်ကြွ၍ လွတ်လပ်ပြီး အဓိပ္ပါယ်ရှိ" ရမည်။

၄။ ရှုထောင့်အမျိုးမျိုး

ဖွံ့ဖြိုးတိုးတက်ခွင့်သည် လူသားတဦးချင်းစီနှင့် လူသားအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး စသည့်အဘက်ဘက်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်မှန်းထားသည်။ ဤအခွင့်အရေးသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်တရပ်လည်း ဖြစ်သကဲ့သို့ ထိုရည်မှန်းချက်သို့ ရောက်ရှိစေရန် နည်းလမ်းတရပ်လည်း ဖြစ်သည်။



၅။ အခြေခံမူများ



တရားမျှတသော ဖြန့်ဝေမှု - နိုင်ငံတော်အဆင့်၊ ဒေသအဆင့် နှင့် နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများက လူတဦးချင်းစီ အပါအဝင် လူသားအားလုံး၏ ကောင်းကျိုးချမ်းသာကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ထားသင့်ပြီး ဖွံ့ဖြိုးတိုးတက်ရေးက ရရှိလာသော အကျိုးအမြတ်များကိုလည်း တရားမျှတစွာ ဖြန့်ဝေမှုရှိစေရန် သေချာရမည်။



အလွှာပေါင်းစုံ ဖိနှိပ်မှုစုံရပ်- လူတဦးချင်းစီနှင့် လူအုပ်စု အများအပြားသည် ခွဲခြားဆက်ဆံမှု အမျိုးမျိုးကို အလွှာအလိုက် ကြုံတွေ့နေရသောကြောင့် ဖွံ့ဖြိုးတိုးတက်ခွင့်ကို လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး (သို့) အမြင်ကွဲပြားမှု၊ နိုင်ငံသား (သို့) လူမှုရေးဆိုင်ရာ မူလဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု (သို့) အခြားအနေအထားများအပေါ် အခြေခံ၍ မည်သည့် ခွဲခြားမှုမျှ မပြုဘဲ အကောင်အထည်ဖော်ရမည်။

မျိုးဆက်များအကြား သာတူညီမျှမှု - ဖွံ့ဖြိုးတိုးတက်ခွင့်သည် ကမ္ဘာမြေ၏ သဘာဝပတ်ဝန်းကျင်စနစ်ကို ဖျက်ဆီးရန် (သို့) အနာဂတ် မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းကြောင်းများကို ပိတ်ပင်သွားစေရန် ခွင့်ပြုထားသည့် အခွင့်အရေး မဟုတ်ပါ။ ဖွံ့ဖြိုးတိုးတက်ခွင့်သည် "လက်ရှိ မျိုးဆက်များနှင့် အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို သာတူညီမျှစွာ ဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်ရမည်။"





ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် - လူသားများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းနှင့် ကိုက်ညီစွာ မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်တွင် လူသားများသည် ၎င်းတို့၏ သဘာဝ အရပိုင်ဆိုင်မှုများနှင့် သယံဇာတအရင်းအမြစ်များအားလုံးအပေါ် အချုပ်အခြာ အာဏာကို အပြည့်အဝ ပိုင်ဆိုင်ခွင့်လည်း ပါဝင်သည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု - အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် ကမ္ဘာတဝှမ်းရှိ လူသားအားလုံး၏ ဖွံ့ဖြိုးတိုးတက်ခွင့်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါသည်။ နိုင်ငံများနှင့် အခြားပါဝင်ဆောင်ရွက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုသည်လည်း ဤအခွင့်အရေးကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အတားအဆီးများကို ကျော်လွှားနိုင်ရန် အရေးပါသည်။



ထပ်ဆောင်းတန်ဖိုး

ဖွံ့ဖြိုးတိုးတက်ခွင့် -





- လူသားများ၏ ကိုယ်ပိုင်ဆောင်ရွက်နိုင်စွမ်းကို အသိအမှတ်ပြုသည်။
- လူ့အခွင့်အရေးကို အုပ်စုလိုက် အမြင်ဖြင့် ရှုမြင်ခြင်းကို မီးမောင်းထိုးပြသည်။



- လူ့အခွင့်အရေးများ၏ ခွဲခြားမရနိုင်မှု၊ အပြန်အလှန်မှီခိုမှုနှင့် ဆက်နွယ်မှုတို့ကို ဖော်ပြသည်။



- တက်ကြွသော၊ လွတ်လပ်သောနှင့် အဓိပ္ပာယ်ပြည့်ဝသော ပူးပေါင်းပါဝင်မှု၏ အရေးပါမှုကို အလေးပေးသည်။



- တခြားသော လူ့အခွင့်အရေးအားလုံးကို အကောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်တရပ်အဖြစ် ပံ့ပိုးပေးသည်။



- ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်လျှော့ချရေး၏ အရေးပါမှုကို အလေးပေးထားသည်။



- နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ကို ထောက်ပြသည်။



- မတရားမှုများကို ဖြေရှင်းနိုင်ရန် တရားမျှတသော နိုင်ငံတကာ စီးပွားရေး စနစ်တရပ် ပေါ်ပေါက်လာရန် အားပေးသည်။

SPECIAL PROCEDURES
UNITED NATIONS
HUMAN RIGHTS COUNCIL

ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ချိတ်ဆက်ဆောင်ရွက်ပါ။

hrc-sr-development@un.org

www.ohchr.org/en/special-procedures/sr-development

@UNSRdevelopment

www.linkedin.com/in/surya-deva-professor/

www.youtube.com/@ProfSuryaDeva

This is an unofficial translation in Burmese, prepared by Ms Su Pont, ALTSEAN-Burma